MHSP

မကော်

# ဂေဟာ

SHELTER



# SHELTER

## အပိုင်း (၁)

*

ပြေးနေသည့် ရန်ကုန်မြို့စွန် ဆင်ခြေဖုံးရပ်ကွက်ကလေး၏ လမ်းသွယ်များပေါ်၌ ကျစ်ကျစ်ဆူအောင် လောင်မြိုက်လျက်ရှိ၏။

ကပ်ရောဂါ ကာလမို့ လူသွား လူလာလဲ ပြတ်လှချေသည်။

ဒီလိုနွေမျိုး၌ ကလေးများဖြင့်ဆူညံစည်ကားနေကျ ရပ်ကွက်ကလေးကား အိမ်ဘေးနားချင်းပင်လျင် ရောဂါကူးနိုင်သည်ဟူသော သံသယကြောင့် သူ့ကိုယ်မယုံ ကိုယ့်သူမခေါ်ရဲဖြင့် ခြောက်ကပ် တိတ်ဆိတ်လျက်။

ကလေးတချို့ အိမ်ပြတင်းမှ ပြူကာ ရှားရှားပါးပါး ရံဖန်ရံခါ ဖြတ်သွားတတ်သော လမ်းသွားလမ်းလာများအား မျှော်ငေးလျက်ရှိသည်။

ရပ်ကွက်လေး၏ အတွင်းဘက်လမ်းတလမ်းရှိ ပျဥ်ထောင် တထပ်အိမ်ကလေး အတွင်း၌ အသက် ၂၀ ကျော်ခန့် အမျိုးသမီးကလေးနှစ်ယောက် အနက် တယောက်သည် အထုပ်အပိုးများ ပြင်ဆင်ကာ တက်ကြွလှုပ်ရှားလျက်၊ တယောက်ကား အိမ်ရှေ့ကြမ်းပြင်တွင် ဒူးကိုပိုက်ထိုင်ကာ ငေးမှိုင်လျက်၊ သူမလက်ထဲ၌ကား ရပ်ကွက်ရုံးမှ ထုတ်ပေးလိုက်သည့် ကိုဗစ်ကာလ ခရီးသွားထောက်ခံစာ စာရွက်လေးအား ကိုင်ထားလေသည်။

***

''ဒေါင်ဒင်... ဒေါင်ဒင်... ဒေါင်ဒင်...''

လမ်းထိပ် ကင်းတဲမှ သံချောင်းခေါက်သံကြောင့် အိဆွေ တစ်ယောက် ဆာလာအိပ်ဖြင့်ချုပ်ထားသည့် တခါသုံးခရီးဆောင်အိပ်အား ဇစ်ကွဲထွက်မသွားစေရန် ကြိုးဖြင့် ပတ်စည်းလျက်ရှိသော သူငယ်ချင်းဖြစ်သူကို ငေးကာ အတွေးလွန်နေရာမှ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်၊

''သုံးနာရီထိုးပြီ... ကားဘယ်ချိန်ခေါ်ထားတာလဲ ရဲရဲ''

ရဲရဲဆိုသည့် မိန်းကလေးက အံကြိတ်ကာ ကြိုးကိုဆွဲနေရာမှ မျက်လုံးလှန်ကြည့်လျက်

''လေးနာရီ'' ဟု ခပ်ပြတ်ပြတ်ဖြေ၏၊

စာရွက်တရွက်လက်ကကိုင်ကာငေးမှိုင်နေသော သူငယ်ချင်းအား ကြည့်ကာ ရဲရဲ သက်ပြင်းကိုချရင်း ပြုံးလိုက်သည်၊ ကြိုးစကိုဆွဲထုတ်ကာ တင်းလိုက်ပြီး စိတ်တိုင်းကျတော့မှ သူမ ခြေပစ်လက်ပစ် ကြမ်းပေါ်ထိုင်ချလိုက်လေသည်၊

ညိုဝင်းစိုပြေသော သူမ၏ အသားအရည်သည် အပူရှိန်နှင့် ချွေးများကြောင့် နီရောင်ပြေးလျက်ရှိ၏၊ ဟိုက်လိုက်ဖောက်ဆေးဆိုးထားသောဆံပင်များအား အပြောင်သိမ်းကာ မြင့်မြင့်ထုံးထားသဖြင့် ခိုင်မာသောမေးရိုးများနှင့် ကျယ်သော နဖူးတို့မှာ ပေါ်လွင်လှသည်၊ ပိရိပါးလျကာနီစွေးသော နှုတ်ခမ်းတို့ကား သူမသည် ပြတ်သားတတ်သူတစ်ဦးဖြစ်ကြောင်း ဖော်ပြနေသကဲ့သို့ပင်၊ အလုံးအရပ်ပြည့်တင်း လှပသောသူမခန္ဓာကိုယ်တွင် ထင်ရှားသောနေရာကား စူပို့ပို့လုံးတက်လျက်ရှိသော သူမ၏ ဝမ်းဗိုက်ဖြစ်၏၊

သူမကား ကိုယ်ဝန်ဆောင်သည် တယောက်ဖြစ်လေသည်၊

''နင် ဗိုက်ကြီးသည်ကို ကူဖို့နည်းနည်းမှ စိတ်ကူးမရှိတော့ဘူးလား အိဆွေ'' သူမက ခြေဆင်းထိုင်နေရာမှ ပြုံး၍မေး၏၊

''ရဲရဲ... နင်တကယ်ပဲ အဲ့ဒီလိုလုပ်မှ ဖြစ်မှာလားဟယ်၊ စဥ်းစားပါအုံး၊ အခုဆိုင်တွေပိတ်ထားတော့ ငါလဲနင့်အနားနေပေးလို့ရပါတယ်၊ ဒီအိမ်လဲ စာချုပ် ထပ်တိုးလို့ရနေတာပဲလေ ... '' အိဆွေက မျက်ရည်လည်လျက် မေးသည်၊

''ဟ... ဘာကို ထပ်စဥ်းစားရအုံးမှာတုန်း၊ ဒီမှာ ဗိုက်က ငါးလကျော် ခြောက်လဖြစ်နေပြီ၊ ရောဂါတွေဖြစ်နေလို့ ဘယ်ကမှ လက်မခံလို့သာ... မဟုတ်ရင် ငါသွားတာ ကြာပေ့ါ... တော်သေးတယ် ဒီတခုက ချိတ်လို့ရလို့၊ မဟုတ်ရင် ငါတိုင်ပတ်ပြီ... ဒီချိန် ဆွေမရှိမျိုးမရှိ ဘယ်မှာ ဘယ်သူ့ အကူအညီနဲ့ ဘယ်လိုမွေးရမှန်းကို မတွေးတတ်ဘူး... ကျေးဇူးတင်ရမယ်၊ သူတို့ပြန်ဆက်သွယ်လာတာကို... ''

''ဒါတော့ဒါပေ့ါဟာ၊ ဒါပေမယ့်... နောက်တခု ငါပြောချင်တာက ကလေးဆိုတာ မွေးရုံနဲ့ပြီးတာမဟုတ်ဘူး၊ ကလေးတယောက်လူလူသူသူဖြစ်အောင် ကျွေးဖို့ ေမွးဖို့ မလွယ်ဘူးနော်၊ ငါတို့အနေနဲ့က...''

''ငါတို့အနေနဲ့က ဘာဖြစ်လဲ အိဆွေ...''

သူမက စကားကို ဖြတ်ကာ ခတ်ဆတ်ဆတ်မေး၏၊

''ဘာလဲ ငါက ကာရာအိုကေမှာ အလုပ်လုပ်တဲ့ မိန်းမမို့လို့ ကလေးအမေ ဖြစ်လို့မရဘူးလား...''

သူမမျက်နှာ တည်နေသဖြင့် အိဆွေငြိမ်ကာနားထောင်နေလေသည်၊

''လူတွေ ငါတို့ရှေ့တင် သေကုန်တာ နင်မြင်တယ်မဟုတ်လား၊ မနေ့ကပဲ လမ်းထိပ်အိမ်က ဦးသက်ကြီးပါသွားပြီ၊ အဖြူဝမ်းဆက်ကြီးတွေနဲ့ လာခေါ်

သွားရော ... လူတွေသေနေတဲ့ကာလမှာ လူ့အသက်တချောင်းအသစ်ဖြစ်လာတာကို ငါကတားရအုံးမှာလားအေ... နင်ကမလိုလားဘူးလား၊ သူလဲလူဖြစ်ပါစေဟ. ..''

သူမက ကိုယ့်စကားကိုယ်သဘောကျဟန်ဖြင့် ဟက်ကနဲတချက်ရယ်လိုက်သည်၊ ညီညာသန့်ရှင်းသောသွားဖြူဖြူများပေါ်ကာ ပါးချိုင့်ကလေးခွက်ဝင်သွားသော သူမ၏ အပြုံးမှာ အလွန်ကြည့်၍ကောင်းသည်ဟု အိဆွေတွေးမိလေသည်၊

''ငါ့မှာ ပိုက်ဆံအရင်း ရှိပါတယ်၊ မွေးပြီးရင် တခြားဟာလုပ်မှာပေ့ါ၊ ငါ မော်တာနင်းတတ်တယ်၊ စက်ချုပ်မှာပေ့ါဟာ...၊ ဟော ကားလည်းမောင်းတတ်တယ်၊ ဒလီပို့မယ်ဟာ ဘာဖြစ်လဲ၊

နင်စိတ်ချ... ငါတာဝန်ယူနိုင်တယ်၊ ငါမွေးတဲ့ကလေး မိန်းကလေးဆိုလဲ ငါ့လိုတော့ထပ်မဖြစ်စေရတော့ဘူး'' သူမက နှုတ်ခမ်းပါးလေးကို မဲ့ကာပြုံးရင်းပြော၏၊

''ယောက်ျားလေးဆိုလဲ ဝေဇော်လို ချီးထုတ်မဖြစ်စေရဘူး...''

''ရဲရဲရယ် တော်ပါတော့... အဲ့ဒီအကောင်အကြောင်း ပြောမနေပါနဲ့တော့'' အိဆွေက သူမပေါင်ကို လှမ်းကိုင်ကာ ဟန့်သည်၊

''ဟ... မပြောလို့ရမလား၊ အမလေး အရာရှိတဲ့... ကာရာအိုကေက စော်ဆီကတောင် ပြန်ခြူသွားသေး၊ နှစ်နှစ်နီးပါးပတ်သက်ခဲ့သမျှ ငါကချည်း ကျွေးရမွေးရဆင်ခဲ့ရတာပါဟယ် နေပြည်တော်ကနေ ရန်ကုန် လာတိုင်းလဲ... ဟဲ့ ငါဖုန်းဝယ်ပေးတာ ဘယ်လောက်ခြောက်သိန်းကျော် မို့လား အဲ့တုန်းက...၊ ဒီမှာ အိဆွေ ငါ့တို့နေရာကို ဘောစိတွေပဲလာနိုင်တာ၊ လျှော်ဘီးကြဲတွေ ငါဖြုတ်ချင်ရင် ငြိမ်ငြိမ်လေးနေရုံစားရုံပဲ...၊ ဒါပေမယ့် ငါ ဘယ်အကောင်နဲ့မှ ဇယားကပ်တာ ထုံးစံမရှိဘူး၊ သံသရာရှည်တယ်၊ လူမုန်းတယ်၊ အာရုံ

နောက်တယ်... ဒင်းကိုရည်ရှည်ဆိုပြီးပတ်သက်လိုက်တာ ချစ်လို့ဟဲ့ ငါချစ်လို့..."

သူမအသံက ကျယ်လာသဖြင့် အိဆွေက လက်ညှိုးလေးကို ထောင်ကာ အသံနှိမ့်ရန်အမူအယာပြ၏၊

"အို... ဘာဂရုစိုက်ရမှလဲ၊ ငါက လုပ်ရဲရင်ခံရဲတယ်... သူက လူပျိုပါဆိုလို့ ငါပတ်သက်တာလေ၊ အမလေးကိုယ့်လင်ကိုယ်နိုင်အောင်မထိန်းဘဲ ငါ့များ မယားငယ်မတဲ့ ဂနိုင်ကအဆင်နဲ့ဟာမက စွပ်စွပ်စွဲစွဲ... ရဲနွယ်လွင်တို့က သူ့လင်လုပ်စာ တပြားစားခဲ့ဖူးတာမရှိဘူးနော်၊ ဒီဗိုက်လဲ ငါသူတို့ဆီက ဘာမှ တောင်းထားတာ မရှိဘူး၊ ငါ့လာပြီး ပတ်ကိုမပတ်သက်ကြနဲ့လို့ကို အပြတ်ပြောပြီးသား... သူတို့က လင်မယားနှစ်ယောက်လုံး ပညာတတ်အရာရှိတွေပါဟယ်၊ ငါကပညာမတတ်ပါဘူး၊ ဒါပေမယ့် လူလိုနားလည်တယ်၊ အဲ့ဒီမှာ ခြံခုန်တဲ့ ခြူစီကောင်ကိုသာ ပြန်ခေါ်သွားပြီး နောက်တခြံမခုန်အောင်ထိန်းပေ့၊ ငါကတော့ ငါ့ကလေးနဲ့ ငါ့ဘဝ အသစ်က စမယ်... "

သူမ ဆက်တိုက် ပြောလဲပြော ကြမ်းကို လက်ထောက်ရင်း ကုန်းထသည်၊

"ရဲရဲရယ်...ငါတို့ဘဝတွေကလဲဟာ"

အိဆွေအပြောကြောင့် သူမ ဆတ်ကနဲလှည့်ကြည့်၏၊

"ငါတို့ဘဝတွေက ဘာဖြစ်လို့လဲ အိဆွေ၊ လောကကြီးမှာ ဘာမှအလကားမရဘူး၊ နင်ပိုက်ဆံမြန်မြန်နဲ့များများလိုချင်ရင် တန်တာတော့ ရင်းရမှာပဲ၊ အေး... ဘယ်သူ့ဘဝကိုမှ မဖျက်စီးသေးသ၍ ငါတို့ဘဝတွေက ဘာမှ မှားမနေဘူး နင်မှတ်ထား... နင်လဲလုပ်သင့်တာလုပ်၊ နင့်ညီမတွေမောင်တွေချည်း ငဲ့မနေနဲ့၊ ဘယ်နှနှစ်ရှိပြီလဲ နင်အဲ့ဒီမှာ၊ ဘာမှကို မစုမိဘူး၊ အမြဲမွဲ"

အိဆွေက မျက်နှာငယ်ဖြင့် နားထောင်နေရှာလေသည်၊

''ပေး... စာရွက်၊ ဘယ်လောက်ပေးခဲ့ရလဲ အုပ်ကြီးကို''

သူမက အိဆွေကမ်းပေးသော ခရီးသွားထောက်ခံစာကို ဆွဲယူကာ ဖတ်ရင်းမေး၏။

''ငါးထောင် နင်ကညော့်စာရင်းနဲ့နေတာမို့လို့တဲ့...''

အိဆွေက နောက်ဖေးသို့ထထွက်ရန်ပြင်ရင်းလှမ်းပြောသည်။

''နင် ထမင်းစားသွားနော်၊ အိတ်စပရက်ကားက လမ်းမှာ ဘာမှန်းမသိဘူး... ငါတို့နှစ်ယောက် အတူတူစားကြမယ်လေ၊ နောက်ဘယ်တော့ ဆုံရမယ်မှမသိနိုင်တာ''

အိဆွေ၏ ငိုမဲ့မဲ့အပြောကို သူမက ခေါင်းရမ်းကာ ရယ်ရင်း...

''နင် မင်းသမီးလုပ်ပါလားဟယ်... ငိုနိုင်လိုက်တာ'' ဟုပြောလေသည်။

အိဆွေ နောက်ဖေးဝင်သွားတော့မှ စိတ်တင်းထားသမျှ သူမသက်ပြင်းကိုချကာ မျက်နှာကို လက်ဝါးထဲထည့်ရင်း ခေတ္တငြိမ်သက်နေမိ၏။

ထို့နောက် သူမ ခါးပတ် ပိုက်ဆံအိတ်ကိုဖွင့်၍စစ်သည်၊

မှတ်ပုံတင်၊ ယာဉ်မောင်းလိုင်စင်၊ KBZ ဘဏ်ကဒ် တစ်ကဒ်၊ ကျွတ်ကျွတ်အိတ်အမဲဖြင့်ပတ်ထားသော ငွေငါးသိန်း၊ အကြွေတချို့ ပါဝါဘန့်၊ အနှစ်နှစ်အလလ သူများတံတွေးခွက်ထဲ အစုန်အဆန်ကူးကာ ကျစ်ကျစ်ပါအောင် စုခဲ့ရသည့် အခေါက်ရွှေတိုရွှေစလေးများအားစုထည့်ကာပိတ်ထားသည့် ဇစ်အိတ်ကလေးတလုံး၊ ရည်းစားရကာစက ဒီအလုပ်ဆက်မလုပ်တော့ဘဲ ချစ်သူနှင့် တည်တည်တံ့တံ့ဘဝတခု ထူထောင်မည်ဟုစိတ်ကူးတွေယဉ်ခဲ့ဖူးတာကို ဖျတ်ကနဲသတိရသဖြင့် သူမ မဲ့ပြုံးလေးပင်ပြုံးမိလေသည်...

''ဘယ်သူကများ သိသိကြီးနဲ့ အတည်ကြံမှာလဲ၊ တကယ်ပါပဲ ငတုံးမ'' တ

ယောက်ထဲ တီးတိုးပြောရင်း အိတ်ထဲကိုဆက်နှိုက်ကြည့်တော့ သူမတွင်ရှိသည့်တခုထည်းသော အမှတ်တရဖြစ်သည့် ပလတ်စတစ်လောင်းထားသော အဖေ အမေတို့နှင့် မိသားစုဓါတ်ပုံလေး၊ လိုင်စင်ဓါတ်ပုံနှင့် တိုလီမုတ်စ ဘောက်ချာတချို့ နောက်... လိပ်စာကဒ်လေးတကဒ်၊

ကဒ်ကလေးအားထုတ်ကာ သူမကြည့်၏၊

''စန္ဒာကူးမြိုင်

ခိုးကိုးရာမဲ့ကိုယ်ဝန်ဆောင်များအတွက် ကုသိုလ်ဖြစ် ဂေဟာ

အမှတ် xxx၊ xxxxxx လမ်း၊ xxxxx ရပ်ကွက်၊ ညောင်ရွှေမြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း။''

မကြာမကြာထုတ်ကြည့်နေသဖြင့် အလွတ်ရ၍နေသော လိပ်စာအား သူမသေချာစေရန် နှုတ်ကရွတ်လိုက်ရင်း ကဒ်၏ နောက်ဖက်ရှိ ဖုန်းနံပါတ်များကို လှည့်၍ကြည့်မိပြန်သည်၊

ထိုစဉ် ဝမ်းထဲမှ ဒုတ်ကနဲလှုပ်ရှားမှုကြောင့် သူမကိုယ်ကို ကိုင်းကာ ဗိုက်ကို လက်ဖြင့်ပိုက်လိုက်၏၊

''ရှူး.... စိတ်လှုပ်ရှားနေပြီလား ကလေးရေ၊ အမေတို့ ခရီးထွက်ကြမယ်လေ၊ အမေက အမြဲဂရုစိုက်ပြီး ချစ်မှာသိလား မကြောက်နဲ့နော်... အမေရှိတယ် အမေရှိတယ်... ကျွတ် ကျွတ် ကျွတ် ကျွတ်''

အခုနပင် သိမ်ငယ်ချင်သယောင် ခံစားနေရသည့် နှုံးဖတ်ဖတ် သူမနှလုံးသားသည် ဒီသက်ရှိကလေးအား ငါဝမ်းနှင့် လွယ်၍ထားရသည်... ငါမှရှင်အောင်မမွေးလျှင်ဘယ်လိုနေရှာမည်နည်း ဟူသည့် ကာကွယ်လိုစိတ် မမြင်ခင်ကပင်မြတ်နိုးစိတ်ကြောင့် နိုက်ထရိုဂျင်မှုတ်သွင်းသော ကားတာယာကဲ့သို့ တောင့်တင်းကြွရွ၍ လာလေသည်၊

''ကလေးလေးရယ် အိပ်ပါကွယ်... မေမေပုံပြောမယ်၊ စားဖွယ်ပေါတဲ့ အရပ်မှာကွဲ့... မောင်သူရနေသတဲ့....''

တဒိတ်ဒိတ်တိုးနေသော ဗိုက်ကို သူမလက်ဝါးနှင့်ပွတ်ရင်း တတ်သမျှ မှတ်သမျှ သားချော့တေးပေါင်းစုံဖြင့် နှုတ်က တတွတ်တွတ်ချော့ရှာလေသည်။

***

''ပလတ်စတစ်ပုံးက တလုံး၊ ဆာလာအိတ်က တလုံး၊ လက်ဂွေ့ချိက တလုံး၊ ကျောပိုးအိတ်က လွယ်ထားတယ် ဒီမှာ... ခြင်းတောင်းပါပြီနော်... ရပြီ စုံပြီ''

သူမ အထုပ်စစ်ပြီး ပရိဘောက်တက်စီ၏ နောက်ဖုံးကို ပိတ်ချလိုက်သည်၊

ကားအားကိုင်ထားသော လက်ကို သူမ စပရေးဖြန်းကာ mask ကို မေးအောက်ဖက်သို့ဆွဲ၍ အနေအထားပြင်လိုက်၏၊

''အမလေး ရဲရဲရယ်.. ဦးလေး လာပိတ်ပေ့ါမယ်... မပေ့ါမပါးနဲ့''

တက်စီသမားက စီးနေကျမို့ သူမတို့နှင့် ရင်းနှီးပြီးသားပင်၊ သူမတို့အလုပ်သဘောကို သိသော်ငြား မစပ်စုတတ်သူ အနေအထိုင်ပရောပရီမလုပ်တတ်သူမို့ အမြဲသုံးဖြစ်သည့်ကားသမားဖြစ်လေသည်၊

အိဆွေက ခြံဝန်းသော့ကို ခတ်ပြီး သူမကို လက်မောင်းက လာတွဲသည်၊ သူမက faceshield ပင်တပ်ထားသေး၏၊

နှစ်ယောက်သား ကားထဲဝင်ထိုင်ရန် ဘေးကိုပတ်အသွားမှာပင်...

''ဟာ ကျွတ်... သွားပါပြီ''

သူမအသံကြောင့် အိဆွေရော ကားသမားပါ သူမမျက်နှာကို ဝိုင်းကြည့်ကြ၏၊

''ဟဲ့ ဘာလဲ...''

''ငါ ဖိနပ်ပြုတ်သွားပြီ...''

အိဆွေက အံ့ဩသံဖြင့်...

''ဟဲ့ မနေ့ကမှ အွန်လိုင်းက လာပို့တာမို့လား အဲ့ဒါ...''

''အေးလေဟာ နှမြောလိုက်တာ... နေအုံး အပေါင်းပဲ သွားပြန်စီးတော့မယ်...''

သူမ ပြောပြောဆိုဆို အိမ်ထဲပြန်ဝင်မည်ပြုသည်ကိုကားဆရာက ကပြာကယာနှင့်...

''ဟဲ့ ရဲရဲ... ခရီးဝေးသွားကနီး ဖိနပ်ကျန် ထီးကျန် နောက်ကြောင်းမပြန်ကောင်းဘူးဟ၊ လမ်းမှာဝယ်စီးလိုက်တော့၊ နိမိတ်နမာတွေ မယုံလို့မရဘူး ညည်းတို့ ဘာမှနားမလည်ပါလား'' ဟုတားလေသည်၊

သူမ အယုံအကြည်မရှိသော်ငြား အငြင်းမပွားလိုသဖြင့် ခေါင်းကိုသာ ညိတ်ပြ၍ ဖိနပ်အပြတ်အား ခြံတံခါးရှေ့ချခဲ့ကာ ခြေဗလာဖြင့်ကားပေါ်တက်လိုက်တော့၏၊

ကားဆရာက နောက်မှန်မှ သူမအားကြည့်ရင်း...

''သံဗုဒ္ဓေရတယ်မို့လား... ရွတ်သွားစမ်းဟယ်၊ မပေါ့မပါးကြီးနဲ့'' ဟုပြောပြန်သဖြင့် သူမ mask အောက်မှ ''အွန်း'' ဟုသာပြန်ပြောလိုက်လေသည်၊

ထို့နောက်တွင်တော့ ပရိဘောက်ကားကလေးသည် ဆင်ခြေဖုံးရပ်ကွက်မှသည် လမ်းမကြီး၊ ထိုမှသည် အဝေးပြေးကွင်းရှိရာသို့ ဦးတည်ကာမောင်းနှင်လျက်....

***

#Note

ဤဇာတ်လမ်းပါ ဇာတ်ကောင်၊ လိပ်စာ၊ အကြောင်းအရာများသည် စာရေးသူ၏ စိတ်ကူးဖန်တီးမှုသက်သက်သာ ဖြစ်ပါသဖြင့် အပြင်လောက၌ တိုက်ဆိုင်တူညီမှု တစုံတရာရှိခဲ့ပါက မရည်ရွယ်သောမတော်တဆသာဖြစ်ပါကြောင်း ကြိုတင်တောင်းပန်အပ်ပါသည်။

***